# ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သည် တောင်အာရှ၊ အရှေ့တောင်အာရှဘာသာစကားမေဂျာ(၁၅)ခုကိုဖွင့်လှစ်

လတ်တလောရက်ပိုင်းအချိန်တွင် ယူနန်တိုင်းရင်းသား လူမျိုးစုတက္ကသိုလ် ဒုကျောင်းအုပ်ကြီးလီပင်ကျယ်က သတင်းထောက်၏မေးမြန်းခြင်းကို ဖြေဆိုသည့်အခါပြောကြားသည်မှာ- ၂၀၁၇ခုနှစ် မတ်လတွင် တရုတ်နိုင်ငံပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုချက်အရ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သည် ဖိလစ်ပိုင်ဘာသာစကား၊ နီပေါဘာသာစကားစသည့် တောင်အာရှ အရှေ့တောင်အာရှဘာသာစကားဘီအေတွဲ့ မေဂျာများအသစ်တိုးဖွင့်ပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံး အထွေထွေတက္ကသိုလ်ကျောင်းများအနက် အဆိုပါတက္ကသိုလ်ကျောင်းသည် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံနှင့် ဒေသ(၁၅)ခု၏ ဘာသာစကားများကို ဦးစွာဖွင့်လှစ်ပို့ချပြီဖြစ်သည်။

မိတ်ဆက်ခြင်းအရ ထိုကဲ့သို့သိရှိပါသည်။ ၁၉၉၃ခုနှစ်မှစပြီး ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သည် အာရှ၊ အရှေ့တောင်အာရှ ဘာသာစကားမေဂျာအတန်းများကို စတင်ဖွင့်လှစ်ပြီဖြစ်သည်။ ၎င်းတက္ကသိုလ်စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ ယခုဆိုလျှင်(၂၄)နှစ်ရှိပြီဖြစ်သည်။ ၎င်းကျောင်းသည် ထိုင်းဘာသာစကား၊ မြန်မာဘာသာစကား၊ ဗီယက်နမ်ဘာသာစကား၊ လာအိုဘာသာစကား၊ ကမ္ဘောဒီးယားဘာသာစကား၊ မလေးရှားဘာသာစကား၊ အင်ဒိုနီးရှားဘာသာစကား၊ အိန္ဒိယဘာသာစကား၊ ဘင်္ဂလားဒေ့ရှ်ဘာသာစကားစသည့် ဘာသာစကား(၉)မျိုး၏ဘီအေအတန်းများကိုဖွင့်လှစ်ပြီး သင်တန်းသားများကိုခေါ်ဆောင်ပါသည်။ ယခုနှစ်မတ်လတွင် ဖိလစ်ပိုင်ဘာသာစကား၊ တမီးလ်ဘာသာစကား၊ ရှုတွန်ဘာသာစကား၊ ဆင်ဟာဘာသာစကား၊ နီပေါဘာသာစကား၊ ဒူဘာသာစကား(၆)မျိုး၏ဘီအေအတန်းများကို အသစ်တိုးဖွင့်လှစ်လာသည်နှင့်အညီ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သည် ယူနန်ပြည်နယ် အများသုံးဘာသာစကားမဟုတ်သော နိုင်ငံခြားဘာသာစကားများတတ်ကျွမ်းထူးချွန်သူများကို မွေးထုတ်ပေးသည့်မေဂျာအစုံလင်ဆုံးသော တက္ကသိုလ်ဖြစ်လာလေသည်။

ထို့ပြင်၊ တောင်အာရှ အရှေ့တောင်အာရှ အများသုံးဘာသာစကားမဟုတ်သောဘာသာစကားများ တတ်ကျွမ်းထူးချွန်သူများ၏အရည်အချင်းကို မြှင့်တင်ပေးရန်အတွက် ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သည် တစ်ကမ္ဘာလုံးထံမှ တောင်အာရှအရှေ့တောင်အာရှအများသုံးဘာသာစကားမဟုတ်သော ဘာသာစကား(၁၅)မျိုးတတ်ကျွမ်းသော ဆရာများကို အသီးသီးခန့်အပ်ရန် ကြော်ငြာစာထုတ်ပြန်သည်ဟု လီပင်ကျယ်ကပြောခဲ့သည်။

သတင်းထောက် ချိန်ကျင်

# အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရေးဇာတ်ကားသည် ပြည်သူလူထုအထင်အမြင်နှင့် ကိုက်ညီပေသောကြောင့်လူကြိုက်များလှ

နိမိတ်လက္ခဏာမပြပဲ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဇာတ်ကား《ပြည်သူ့ကိုယ်စား》သည် လူအများ၏စကားဝိုင်းထဲတွင်ပြောဆိုလာကြသည်။ အဆိုပါဇာတ်ကားသည် မတ်လ(၂၈)ရက်နေ့မှ စတင်ထုတ်လွှင့်ကတည်းက ကြည့်ရှုအားပေးမှုနှုန်းမြင့်မားခဲ့သည်။ ပြည်သူလူထုတစ်ရပ်လုံးသည် ၎င်းဇာတ်ကားကို အားပေးကြည့်ရှုနေကြသည်။

"ဇာတ်လမ်းဟာ လက်တွေ့ကျတယ်။ ဇာတ်ကောင်များကသရုပ်ဆောင်ကောင်းတယ်" ဟု ပရိသတ်များကချီးမွမ်းကြသည်။ သို့သော်ထိုကဲ့သို့ "လက်တွေ့ဆန်သော" ပုံရိပ်များ၊ ယခုလက်ရှိအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၏ "အဓိကပစ်မှတ်" နှင့် "လက်တွေ့ကျခြင်း" ကို သရုပ်ဖော်ခြင်းသည်သာ ၎င်းဇာတ်ကားကို လူကြိုက်များသောအဓိကအကြောင်းပင်ဖြစ်ပေမည်။

ဇာတ်ကားအတွင်းတွင် နိုင်ငံတော်ဝန်ကြီးဌာနတစ်ခုမှညွှန်ကြားရေးမှူးတစ်ဦးသည် အကျင့်ပျက်ခြစားပြီး နံရံတစ်နံရံရှိသောငွေသားပိုက်ဆံများကိုစုဆောင်းမိသည်။ ဒုမြို့တော်ဝန်က ပုံစံပြောင်းကာနိုင်ငံခြားသို့ ပုန်းရှောင်ထွက်ပြေးသွားသည်။ အကျင့်ပျက်ခြစားသောအရာရှိများသည်"နိုင်ငံဒုဝန်ကြီးအဆင့်အရာရှိလည်းပါဝင်သည်။ ပရိသတ်များစွာက အဆိုပါဇာတ်ကားသည် "ဖော်ထုတ်ရဲသည်" ဟု ဝေဖန်ကြသည်။ အချို့အင်တာနက်သုံးသူများက《ပြည်သူ့ကိုယ်စား》သည် ပရိသတ်အားလုံးတွေးထင်ထားသည့်အရာများကို ရိုက်ကူးသောပြဇာတ်ဖြစ်သည်ဟုဆိုကြသည်။ ထို့အပြင် ၎င်းဇာတ်ကားသည် လက်ရှိအခြေအနေအကျင့်ပျက်ခြစားမှု တိုက်ဖျက်ရန်အတွက် အဓိပ္ပာယ်လေးနက်လှပေသည်ဟု အချို့ပရိသတ်များက ပြောကြသည်။

အဆိုပါဇာတ်လမ်းကို အားပေးသောပရိသတ်ဖြစ်သူ ပေကျင်းတက္ကသိုလ်အစိုးရအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးသုတေသနစင်တာ ဒုညွှန်ကြားရေးမှူးကျွမ်တယ်ရွှေကတင်ပြသည်မှာ《ပြည်သူ့ကိုယ်စား》 "ရေပန်းစား" သည်နှင့်အညီ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးက လူမှုရေးအသိုင်းအဝိုင်း၏ဘုံအတွေးအခေါ်ဖြစ်လာပြီဟု ဖော်ညွှန်းနေသည်။ လူတိုင်းက အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးသည် မိမိ၏အလုပ်ခွင်နေထိုင်မှုဘဝအတွက် ရရှိစေသောအပြောင်းအလဲများကို ခံစားနိုင်ပါသည်။ "လူများသည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ဇာတ်ကားများကို အထူးဂရုပြုနေခြင်း၏ အနက်အဓိပ္ပာယ်သည် မိမိ၏တိုးတက်ဖွံ့ဖြိုးမှုနှင့်ထင်ဟပ်နေသည်။ လူမှုရေးအသိုင်းအဝိုင်းတရားမျှတရေးကိုရှာဖွေခြင်း၊ ပါတီနှင့်အစိုးရများက အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအတွက် ခိုင်မာသောဆုံးဖြတ်ချက်များချမှတ်ပြီးဖြစ်ခြင်း အကြောင်းများကို ရုပ်လုံးပေါ်အောင် ရိုက်ကူးထားသည်။ တရုတ်နိုင်ငံ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလုပ်ဆောင်ချက် အဆင့်ဆင့်နှင့် နောင်အနာဂတ် အစိုးရပေါ်လစီများကို လက်ကိုင်ရယူထားပါသည်။

"ကြည့်ရှုသူပရိသတ်များစွာရှိ




သည့်အတွက်ကျွန်တော်အလွန်ဝမ်းသာမိပါတယ်။" ဟု ဇာတ်ကောင်-အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဌာနမှူး ဟိုလန်ဖင်အစား သရုပ်ဆောင်သူ လုရီက ပြောပါသည်။ "အဆိုပါဇာတ်ကားကို လူကြိုက်များသည်မှာ အကြောင်းအရင်းရှိပါတယ်။ ဒါကလူငယ်များရဲ့ အတွေးနှင့်စိတ်ဆန္ဒများက တန်းတူကျသွားသောကြောင့်ဖြစ်ပါတယ်။ အခုခေတ်လူငယ်များက အတွေးအခေါ်ရှိကြတယ်။ ခံစားမှုရှိကြတယ်။ လူမှုရေးပြဿနာတွေကို အလွန်စိတ်ဝင်စားကြတယ်။ ဒါက ပြည်သူလူထုအထင်အမြင်နဲ့ကိုက်ညီတယ်လို့ ကျွန်တော်ယူဆပါတယ်။" ဟု သူက ဆက်လက်တင်ပြပါသည်။

အထွေထွေသတင်း

# နှစ်ပြည့်တစ်ရွာ - တရုတ်မြန်မာချစ်ကြည်ရေးပြတင်းပေါက်

ယူနန်ပြည်နယ်တယ်ဟုန်တိုင်၊ ဂျင်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ ရွှေလီမြို့တရုတ်မြန်မာနှစ်နိုင်ငံနယ်စပ်တွင် ကျေးရွာတစ်ရွာသည် နိုင်ငံနယ်နိမိတ်လိုင်းဖြင့် နှစ်ပိုင်းပိုင်းခြားခြင်းခံရသည်။ တရုတ်နိုင်ငံအပိုင်းကို ရင်ကျင်းဟုခေါ်သည်။ မြန်မာနိုင်ငံအပိုင်းကို မန်ရှီးဟုခေါ်ပါသည်။ "နှစ်ပြည့်တစ်ရွာ" အခြေအနေကိုဖြစ်စေသည်။ ကျေးရွာအတွင်းရှိ နိုင်ငံနယ်နိမိတ်လိုင်းသည် ဝါးတဲ၊ ကျေးရွာလမ်း၊ ရေမြောင်း၊ မြေအုတ်စသည်တို့ဖြင့် ပိုင်းခြားထားပါသည်။



လတ်တလောနှစ်ပိုင်းတွင်တယ်ဟုန်ပြည်နယ်ခွဲသည် သူ၏ထူးခြားသာလွန်သော တည်နေရာအားသာချက်ဖြင့် နယ်စပ်ခရီးသွားလာရေးကို အားထုတ်ဖွံ့ဖြိုးတိုးတက်စေသည်။ "နှစ်ပြည့် တစ်ရွာ" ကိုယ်စားပြုသော ထူးခြားသည့်ရှုခင်းသာဇုန်သည်လည်း ပိုမိုများပြားသော ခရီးသွားဧည့်သည်တော်များအား ဆွဲဆောင်စေပါသည်။

ရွှေလီခရီးသွားလာရေးအုပ်စုအဖွဲ့၏ "နှစ်ပြည့်တစ်ရွာ" ခရီးသွားလာရေးယဉ်ကျေးမှုကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌရှောင်ဝံယွမ်က ထိုကဲ့သို့မိတ်ဆက်သည်။ ၂၀၀၅ ခုနှစ်မှစပြီးကုမ္ပဏီသည် ရင်ကျင်းတိုင်တိုင်းရင်းသားကျေးရွာအတွက် စီမံကိန်းများ၊ စီမံခြင်းနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကိုဆောင်ရွက်သည်။ ကျေးရွာခလေ့ရှုခင်း၊ တရုတ်မြန်မာရှုခင်းပြပွဲ၊ တရုတ်မြန်မာကျေးရွာဈေးပွဲတော်၊ တရုတ်မြန်မာ စားကောင်းသောက်ဖွယ်ဈေးတန်းစသဖြင့် တမူထူးခြားသောနယ်စပ်ခရီးသွားရှုခင်းသာဒေသကို တည်ထောင်လာပါသည်။ ရှုခင်းသာကို လူကြိုက်များလာကြသည်။ ၂၀၁၆ခုနှစ်တွင် "နှစ်ပြည့်တစ်ရွာ" သို့လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်ဦးရေသည် (၃) သိန်းကျော်ရှိသည်။ ဝင်ငွေတရုတ်ယွမ်(၈)သန်းရှိပြီး အလားတူကာလထက်(၆၀%)တိုးမြှင့်ခဲ့သည်။

"နှစ်ပြည့်တစ်ရွာ" ရှုခင်းဇုန်သည် ယခုလက်ရှိတွင် တတိယအဆင့်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်နေသည်။ အကျဉ်းခြုံးထားသော စေတီပုထိုးရှုခင်းသာပုံမှတဆင့် ခရီးသွားဧည့်သည်တော်များသည် ပြည်ပသို့မသွားသော်လည်း မြန်မာနိုင်ငံ၏အနံ့အသက်များကိုခံစားနိုင်သည်။ ယခုလက်ရှိအချိန်တွင် ပေါက်ဖော်ပြတိုက်၊ နှစ်ပြည့်တစ်ခြံစသည့် ရှုခင်းသာဇုန်များဆောက်လုပ်နေလျက်ရှိသည်။ "နှစ်ပြည့်တစ်ရွာ" ရှုခင်းသာဇုန်မှာ တရုတ်မြန်မာနှစ်နိုင်ငံပြည်သူ့ယဉ်ကျေးမှု၊ ငြိမ်းချမ်းသောလူနေမှုနေထိုင်ရေးကိုပြသခြင်းဖြင့် "မြစ်တစ်မြစ်ရေအတူ သောက်သုံးခြင်း" ချစ်ကြည်ရေးကို လက်ဆင့်ကမ်းမည်ဖြစ်သည်။

သတင်းထောက် လျှိုကျီယူ